# Jenks East Elementary
# ၂၀၁၈-၂၀၁၉ Title I မိဘပါဝင်ပတ်သက်သောအစီအစဉ်

## ရည်ရွယ်ချက်

အခြားသောJenks Public Schools ပူးပေါင်းလျှက် East Elementary သည် မိဘများ၊ ကျောင်း နှင့် မြို့ မိမြို့ ဖများ နှင့်အတူတကွ Title I programs များကို စီမံအကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။

မိဘ ဟူသောစကားလုံးသည် ကလေး၏ပညာရေးကိုစီမံကြီးကြပ်နေသော အုပ်ထိန်းသူများ နှင့် မိသားစု ဝင်များအားလုံး အကျုံးဝင်သည်။ East Elementary အနေဖြင့် ၎င်းအစီအစဉ်များတွင် မိဘများနှင့် ကျောင်းသူ/သားများပါဝင်ဆင်နွှဲရာ၌ ဘာသာစကား နှင့် ယဉ်ကျေးမှုဆိုင်ရာလိုအပ်မှုများကို ဖြည်းဆည်းပေးပါမည်။

## ထိရောက်သောအစီအစဉ်ဖြစ်ရန်အခရာကျသောအရာများ

Jenks East Elementary အနေဖြင့် Title I အစီအစဉ်များကိုအကောင်အထည်ဖော်ရာတွင် မိသားစုဝင် များပါဝင်သော လှုပ်ရှားမှုများနှင့် လုပ်နည်းလုပ်ဟန်များကိုအလေးပေးဆောင်ရွက်ပါမည်။ မိဘများနှင့်မိသားစု ပါဝင်ပတ်သက်မှုဆိုသည်မှာ မိဘများ နှင့် ကလေးများအပြန်အလှန်သဘောကိုဆောင်၍ ကလေးများ၏ ပညာ ရေးနှင့်အခြားသောလှုပ်ရှားမှုများတွင် အမြဲတစေပါဝင်ခြင်းဖြစ်သည်။ East Elementary အနေဖြင့်လည်း

- ကလေးများ၏သင်ယူမှုတွင်မိဘများ၏အခန်းကဏ္ဍမြင့်တင်ရာ၌အကူအညီပေးပါမည်။
- ကလေးများ၏ပညာရေးတွင်မိဘများတက်ကြွစွာပါဝင်ရန်တွန်းအားပေးပါမည်။
- ကလေးများ၏ပညာရေးနှင့် ဆုံးဖြတ်ချက်ချမှုများတွင် မိဘများအားတင်းပြည့်မိတ်ဖက်အဖြစ် ပါဝင်စေပါမည်။
- အစီအစဉ်များကိုအထောက်အပံ့ပေးအားကောင်းစေမည့် အရင်းအမြစ်များရရှိရန် ဆောင်ရွက်ပေးပါမည်။

## အတတ်ပညာဆိုင်ရာတည်ဆောက်ပြုပြင်မှု

East Elementary အနေဖြင့်ကလေးများ ပညာရေးတွင်အောင်မြင်မှုရစေရန်နှင့် ကလေးမိဘများနှင့် ဝန်ထမ်းများ ဆက်သွယ်မှုချောမွေ့ စေရန် လိုအပ်သော အတတ်ပညာဆိုင်ရာတည်ဆောက်ပြုပြင်နိုင်မည့် အခွင့်အလမ်းများကိုဝန်ထမ်းများအား ထောက်ပံ့ပေးပါမည်။ ထို့ အတူမိဘများအတွက်လည်း လိုအပ်သော သင်တန်းများနှင့် ပစ္စည်းပစ္စယများ ကိုစီစဉ်ပေးပါမည်။

## အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပူးပေါင်းပါဝင်မှု

ဤမူဝါဒတွင်East Elementary မှမိဘများအားလုံးအကျုံးဝင်သည်။ မိဘများပါဝင်ပတ်သက်သောအစီအစဉ် များကိုအကောင်အထည်ဖော်ရာတွင် မိဘများနှင့်ဝန်ထမ်းများလိုအပ်သည့်အထောက်အပံ့များကိုဖြည့်တင်း ပေးမည်။ အစီအစဉ်များအတွက် မိဘများ၏အကြံအညာဏ်ပေးခြင်းကိုလေးစားတန်ဖိုးထားပါသည်။ East Elementary မှကြံရွယ်ထားသော အစီအစဉ်များမှာအောက်ပါအတိုင်းဖြစ်သည်။

- East Elementary အနေဖြင့် district တခုလုံးခြုံသောမိသားစုပါဝင်ဆက်စပ်သည့် အစီအစဉ်များတွင် မိဘများကို ပါဝင်စေမည်။
- East Elementary အနေဖြင့် ကျောင်း၏တိုးတက်မှုဖြစ်စဉ်များနှင့်ပြန်လည်ဆန်းစစ်ခြင်းအစီအစဉ် များတွင် မိဘများကိုပါဝင်စေမည်။
- East Elementary အနေဖြင့် ကျောင်းသူ/သားများ၏ပညာရေးနှင့်ကျောင်းတွင်းစွမ်းဆောင်ရည် တိုးတက်ရန် ထိရောက်သောမိသားစုပါဝင်သည့်အစီအစဉ်များကိုရေးဆွဲအကောင်အထည်ဖော်မည်။

## <u>အကဲဖြတ်ခြင်းဆိုင်ရာ ပူးပေါင်းပါဝင်မှု</u>

East Elementary အနေဖြင့် နှစ်စဉ်လုပ်ဆောင်မည့် Title I program ၏အရည်အသွေးတိုးတက်မှုနှင့် မိသားစုပါဝင်ပတ်သက်သောအစီ အစဉ်များ၏ထိရောက်မှုနှင့်ပါဝင်သည့်အကြောင်းအရာများကို အကဲဖြတ်ဆန်းစစ်သောကဏ္ဍများတွင် မိဘများအား ပါဝင်စေမည်။

Title I, Part A programs များနှင့် ကျောင်းတွင်း မိဘနှင့်မိသားစုဝင်များပါဝင်သည့်အစီအစဉ်များတွင် ပူးပေါင်းပါဝင်ရန်သဘောတူပါကြောင်း အောက်ဖော်ပြပါ လက်မှတ်အားဖြင့် သက်သေပြုပါသည်။

<u>*East Elementary*</u> မူဝါဒအား <u>*အောက်တိုဘာလ ၁၀ ရက်၊ ၂၀၁၈*</u> သဘောတူလက်ခံ၍ <u>*အောက်တိုဘာလ ၂၀၁၈ မှ အောက်တိုဘာ ၂၀၁၉*</u> ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။

______________________________
*(ကျောင်းအုပ်ကြီး)*

______________________________
*(နေ့ စွဲ)*

______________________________
*(Title 1 အဖဝတ်အထူးကျွမ်းကျင်သူ)*

______________________________
*(နေ့ စွဲ)*

______________________________
*(မိဘ)*

______________________________
*(နေ့ စွဲ)*